## ပဟေဠိ ရွေးချယ်ရန် ၂ - အစိုးရအဖွဲ့အား မြန်ဆန်သွက်လက်စေခြင်း (ရဟမ်ဒါ)

မှတ်သားရန် - အဖြစ်နိုင်ဆုံးအဖြေကိုသာရွေးချယ်ပါ။ အချို့အဖြေများမှာ လုံးလုံး အမှားမဟုတ်ပါ။ ထို့ထက်ပိုကောင်းသည့် အဖြေရှိနိုင်ပါသည်။ ပဟေဠိများနှင့် ပတ်သက်သည့် ဖြေရှင်းချက်များနှင့် အဖြေများအတွက် discussion forum သို့သွားပါ (ပို့စ်အသစ်တင်တိုင်း ပဟေဠိများ၏ ခေါင်းစဉ် "ပဟေဠိ ဆွေးနွေးရန်" တွင် တင်ပါ။)

မှတ်သားရန် - ပဟေဠိများကို မဖြေမီ ကေ့စ်အား ဖတ်ပါ။

မေးခွန်း၁
ကျွန်တော်တို့သည် သမ္မတရုံးများ သို့ ဝန်ကြီးချုပ်ရုံးများ၏ စွမ်းရည်ကို အကဲဖြတ်ရန် အခြားရုံးများလောက် မစဉ်းစားခဲ့ကြပေ။ ထိုရုံးများသည်လည်း အလွန်အရေးကြီးပါသည်။ အောက်ပါတို့မှ မည်သည့် အချက်သည် အဆိုပါ ရုံးများအောင်မြင်မှုကို မတိုင်းတာနိုင်သနည်း။

- အစိုးရ ထိပ်တန်းခေါင်းဆောင်များသည် မဟာဗျူဟာ ဦးစားပေးများ ပြည့်မှီမှု ရှိမရှိ
- မူဝါဒသစ်များသည် ခန့်မှန်းခြေထက် ကုန်ကျစရိတ် ပိုများနေခြင်း
- ကတ်ဘိနက် အာဂျင်ဒါတွင် အုပ်ချုပ်ရေး သီးသန့်ကိစ္စများ၏ ပမာဏသည် မဟာဗျူဟာ ဦးတည်ချက်များကို မည်သို့ရရှိမည်ကို ရွေးချယ်မှုများနှင့် နှိုင်းယှဉ်ခြင်း
- အရေးကြီးသူများ သို့မဟုတ် ဥပဒေ စိန်ခေါ်မှုများကြောင့် တရားရုံးများ ပါဝင်နေသည့် မူဝါဒအသစ်များ ပမာဏ
- ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း အစည်းအဝေးအရေအတွက်သည် အချို့ ကတ်ဘိနက်များအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။

မေးခွန်း ၂
သမ္မတရုံး သို့မဟုတ် ဝန်ကြီးချုပ်ရုံးဖြစ်သည့် ကတ်ဘိနက်ရုံး၏ အဓိက တာဝန်မှာ ဆုံးဖြတ်မှုအရည်အသွေး ကောင်းမွန်လာစေရန်ဖြစ်သည်။ ကတ်ဘိနက် ဝန်ကြီးများအား တခါတရံ အတွင်းဝန်များ၊ ဌာနအကြီးအကဲများသည် အချင်းချင်း မူဝါဒရွေးချယ်မှုများ ပြုလုပ်ကြရသည်။ ဝန်ကြီးတိုင်းသည် သူဆုံးဖြတ်ချက်အတွက် လိုအပ်သည့် သတင်းအချက်အလက် ရရန် လိုအပ်ပါသည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ကတ်ဘိနက် ရုံးများ သတင်းအချက်အလက်အရည်အသွေးကောင်းမွန်လာစေရန် ဆောင်ရွက်ပေးသနည်း။ (သင့်လျော်ရာ အားလုံးရွေးချယ်ပါ။)

- ရုံးသည် ပြဿနာ အဓိပ္ပာယ်များနှင့် ရွေးချယ်ရန်များကို ဆန်းစစ်နိုင်ရန် ဝန်ကြီးဌာနများ၏ တင်ပြမှုများကို သုံးသပ်ရသည်။
- ရုံးသည် ဝန်ကြီးဌာန တစ်ခုစီသည် ဥပဒေကြောင်းအရလည်းကောင်း၊ ဘဏ္ဍာရေးအရလည်းကောင်း ဆောင်ရွက်ကြောင်း စစ်ဆေးသည်။ ဝန်ကြီးဌာနသည် သက်ဆိုင်သည့် ပါဝင်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်မှု ရှိမရှိကို စစ်ဆေးသည်။ ထိုအခန်းကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်သည်။
- ရုံးသည် စာတမ်းများသည် ရှင်းလင်းစွာ စာစီထားပြီး နားလည်မှုရှိမရှိကို စစ်ဆေးသည်။ ရုံး စာ နမူနာတွင် အချက်အလက်များကို  ညာဘက်ထောင့်တွင်ထားခြင်းဖြင့် ဝန်ကြီးများအပေါ် ဖိအားလျော့စေသည်။

**မေးခွန်း၃**
**ဝန်ကြီးတစ်ပါးအတွက် အချိန်သည် အလွန်ရှားပါးသည်။ ထိုအကြောင်းကြောင့် ရှည်လျားသည့် ဝန်ကြီးဌာနဆိုင်ရာ အစည်းအဝေးများသည် ကတ်ဘိနက်ရုံး စွမ်းရည် နိမ့်ကျစေသည့် အဓိက အကြောင်းအရင်းဖြစ်သည်။ ရဟမ်ဒါကေ့စ်တွင် တစ်ပတ်လျှင် ကတ်ဘိနက်အစည်းအဝေး**

**နှစ်ကြိမ်ပြုလုပ်ပြီးတစ်ကြိမ်လျှင် ၁၂နာရီကြာမြင့်သည်။ အင်တာဗျူးဖြေဆိုသူများက အဆိုပါပြဿနာသည် မည်သည်ကြောင့် ဖြစ်လာသည်ဟု ဆိုသနည်း။ (သင့်လျော်ရာအားလုံးရွေးချယ်ပါ။)**

- **မူဂါဒစာတမ်းများသည် ရှည်လျားပြီး အဓိကအရေးကြီးသည့် အချက်များကို ညွှန်ပြနိုင်မှုအားနည်းသည်။**
- **မူဂါဒစာတမ်းများသည် ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုစသည့် အရေးကြီးအချက်များ တခါတရံ မပါဝင်ပေ။**
- ရှည်လျားသည့် အငြင်းပွားမှုများနှင့် အနာဂတ်အစည်းအဝေးများတွင် ပြဿနာများသို့ ပြန်လည်ရောက်ရှိလာသည့် ဆုံးဖြတ်ချက်များဖြစ်နေသည်။ အကြောင်းမှာ ဖြစ်စဉ် အစောပိုင်းကာလများတွင် ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းမှု အားနည်းသောကြောင့်ဖြစ်သည်။

**မေးခွန်း ၄**

ကတ်ဘိနက်ရုံး မူဂါဒဆန်းစစ်သည့် တာဝန်သည် အလွန်ထိလွယ်ရှလွယ်သည်။ ဝန်ထမ်းများသည် ငယ်ရွယ်ပြီး ဝန်ကြီး သို့ ဒုဝန်ကြီးနှင့် သင့်လျော်သည့် အတွေ့အကြုံ နည်းပါးကြသည်။ တခါတရံတွင် မူဂါဒ ဆန်းစစ်သူများသည် ဝန်ကြီးများ ဒုဝန်ကြီးများက ၎င်းတို့ နားထောင်ရန် ခက်ခဲကြသည်။ ရဂမ်ဒါကေ့စ်တွင် အောက်ပါတို့မှ မည်သည့်အဆင့်သည် မူဂါဒ ဆန်းစစ်သူများနှင့် ငန်ကြီးနှင့် ဝန်ကြီးဌာနများအကြား ဆက်ဆံရေးကို မကောင်းမွန်စေသနည်း။

- အတွင်းဝန်ရုံးသည် ဝန်ကြီးဌာနများမှ လုပ်ထုံးလုပ်နည်းများကို အသားကျလာသည့် အချိန်အထိစောင့်ဆိုင်းခြင်းဖြင့် စည်းမျဉ်းအသစ်များကို အတင်းအကျပ်မပြဌာန်းပေ။ ခြောက်လအတွင်း အတွင်းဝန်ရုံးသည် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဝန်ကြီးဌာနညွှန်မှူးများကို စနစ်သစ်အား လိုက်နာရန် သင်တန်းပေးသည်။
- မူဂါဒ ဆန်းစစ်သူများသည် အုပ်စုဖွဲ့ကာ ကတ်ဘိနက်ဝန်ကြီး တစ်ယောက်နှစ်ယောက်နှင့် တွေ့ဆုံလေ့ရှိသည်။
- မူဂါဒဆန်းစစ်သူများသည် အားလုံးပါဝင်သည့် ဆက်ဆံရေးတည်ဆောက်ရာတွင် သတိထားရသည်။ တစ်ယောက်က ပြောသည်မှာ ပြဿနာက အခြားတစ်ယောက်က ကိုယ့်အတွက် ကူညီနိုင်တယ်ဆိုတာဖြစ်ပါတယ်ဟု ပြောသည်။ အသံအနေအထားမှာ အရေးကြီးသည်။
- လိုအပ်လျှင် ကတ်ဘိနက် ရုံးအကြီးအကဲသည် စာရွက်စာတမ်းများ သုံးသပ်ရာတွင် လက်မှတ်ထိုးခြင်းဖြင့် ဝန်ကြီးများ အာရုံစိုက်လာစေသည်။ ကတ်ဘိနက်ရုံး အကြီးအကဲသည် တခါတရံ မူဂါဒ ဆန်းစစ်သူများနှင့် ဝန်ကြီးများအကြား ဆက်ဆံရေးကောင်းမွန်စေရန် ကြားဝင်ဆောင်ရွက်သည်။

**မေးခွန်း၅**

**ရဂမ်ဒါတွင် ဝန်ကြီးများအား ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် ကတ်ဘိနက်တွင် ပိုမို ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ခဲ့သည့်အဆင့်များတွင် မည်သည့်အဆင့်သည် မပါဝင်သနည်း။**

- ကတ်ဘိနက်ရုံးများသည် လက်စွဲတစ်စောင် ဖန်တီးပြီး ဝန်ကြီးသစ်များနှင့် ဒုဝန်ကြီးများအား ၎င်းတို့ တာဝန်များကို လျင်မြန်လွယ်ကူစွာ နားလည်စေရန် ဆောင်ရွက်ခဲ့သည်။
- ကတ်ဘိနက်ရုံး အကြီးအကဲသည် ဝန်ကြီးများအတွက် မူဂါဒ စာတမ်းများ နှင့် အစည်းအဝေးဆွေးနွေးချက်များအတွက် အာဂျန်ဒါကို ဖြန့်ဝေထားသည်။ ထိုအာဂျန်ဒါသည် တစ်မျက်နှာ သို့ နှစ်မျက်နှာရှိပြီး အဓိက မူဂါဒ အဆိုပြုချက် ပါဝင်သည့်အကြောင်းအရာများ၊ ရွေးချယ်သည့်အချက်များ၊ တာဝန်ယူသည့် ဝန်ကြီးဌာနများနှင့် လုပ်ငန်းများ စသည်တို့ပါဝင်သည်။

- မှတ်တမ်းတင်သူများသည် အသေးစိတ်အချက်အလက်များကို

ကတ်ဘိနက်စက်ရှင်ပြုလုပ်နေသည့်အချိန် အတွင်း ဖြန့်ဝေပြီး ကတ်ဘိနက်အစည်းအဝေး အစတွင် အတည်ပြုချက်ရယူကြသည်။ ယခင်က ဝန်ကြီးများသည် ယခင် အစည်းအဝေးမှတ်တမ်းများကို ၎င်းတို့ နောက်အစည်းအဝေးရောက်လာသည့်အချိန်အထိ မမြင်ကြရပေ။ ၎င်းတို့ကို ရေးရန်မှာလည်း အချိန်ယူရသည်။

- ရုံးသည် ကတ်ဘိနက်ဝန်ကြီးများအား လုပ်ငန်းစဉ်များကို ၎င်းတို့ သဘောတူညီမှုရရန် ဖြန့်ဝေထားပြီး ထိုလုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်အားလုံးအားလည်း အွန်လိုင်း ဒတ်ရှ်ဘုတ်မှတဆင့် ကြည့်ရှုနိုင်သည်။

- ရုံးသည် ဝန်ကြီးများ တာဝန်ယူသည့် လုပ်ငန်းများအား ရောင်တခင်စစ်ဆေးသည့် စောင့်ကြည့်ရေးစနစ်တစ်ခု တည်ထောင်သည်။